# မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ အစုရှယ်ယာရှင်များသို့ အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ဒါရိုက်တာအဖွဲ့သည် ဘဏ်၏လက်ရှိဆောင်ရွက်ဆဲ လုပ်ငန်းများအပါအဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသောမတည်ငွေရင်း လုံလောက်မှု ဆိုင်ရာ စည်းမျဉ်းအား ပြည့်မီရန်နှင့် ဘဏ်ခွဲအသစ်များတိုးချဲ့ဖွင့်လှစ်ရာတွင် လိုအပ်သော မတည်ငွေရင်း ထည့်ဝင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၆၃ (ဂ) နှင့် ဘဏ်၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း အပိုဒ် ၁၃ (ဂ) နှင့်အညီ Rights Issue ဖြင့် အစုရှယ်ယာအသစ်ပမာဏ ကျပ် (၂၅) ဘီလီယံ ထုတ်ဝေရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ Rights Issue ဖြင့်ထုတ်ဝေမည့် အစုရှယ်ယာတစ်စုလျှင် (၅,၀၀၀) ကျပ်ဖြင့် ထုတ်ဝေမည်ဖြစ်ပြီး အဆိုပါအစုရှယ်ယာတစ်စုတန်ဖိုးမှာ ပြီးခဲ့သည့် တစ်နှစ်အတွင်းဖြစ်ပေါ်နေသော ဈေးကွက်ပေါက်ဈေး ထက် လျော့နည်းသောဈေးဖြင့် လက်ရှိအစုရှယ်ယာရှင်များကို အထူးအခွင့်အရေးပေး ရောင်းချမည် ဖြစ်ပါသည်။ လက်ရှိအစုရှယ်ယာရှင်များသည် မိမိတို့ရရှိထားသော အစုရှယ်ယာ ဝယ်ယူခွင့်ပမာဏ အတွင်း ထည့်ဝင်နိုင်ပါသည်။

၃။ ထပ်မံထုတ်ဝေမည့် Rights Issue အစုရှယ်ယာအသစ်များကို ကမ်းလှမ်းသည့်ကာလမှာ (၁၅.၁၂.၂၀၂၅) မှ (၃၀.၁.၂၀၂၆) အထိဖြစ်ပြီး ယင်းကာလအတွင်း ငွေပေးချေမှုအား တစ်ပါတည်း လုပ်ဆောင် ရမည်ဖြစ်ပါသည်။ အစုရှယ်ယာရှင်များသည် သက်ဆိုင်ရာငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ/မြန်မာနိုင်ငံသားများဘဏ်သို့ လိုအပ်သောအသိပေးခြင်း၊ အကြောင်းပြန်ကြားခြင်းများ ပြုလုပ်မှု မရှိပါက ၎င်းတို့၏ အစုရှယ်ယာ ဝယ်ယူခွင့် အခွင့်အရေးများကို စွန့်လွှတ်သည်ဟု သတ်မှတ်မည်ဖြစ်ပါ သည်။ သတ်မှတ် ကာလအတွင်း ဝယ်ယူခွင့်ရှိသော အစုရှယ်ယာရှင်များမှ ဝယ်ယူခြင်း မပြုသောကြောင့် ကျန်ရှိသည့် အစုရှယ်ယာများအား ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် တည်ဆဲဥပဒေများနှင့်အညီ ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ခွဲဝေရောင်းချသွားမည်ဖြစ်ပါသည်။ Rights Issue အစုရှယ်ယာ အသစ်များကို ဝယ်ယူသည့်အစုရှယ်ယာရှင်များသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်း များအတိုင်း စစ်ဆေးပြီးခွင့်ပြုချက်ရရှိသည့် အချိန်မှသာ အရောင်းအဝယ် ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

၄။ ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာ ရောင်းဝယ်လျှက်ရှိသည့် အစုရှယ်ယာရှင်များ အနေဖြင့် သက်ဆိုင်ရာ Securities ကုမ္ပဏီများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ Special Account ဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များအနေဖြင့် Rights Issue ထုတ်ဝေမှုနှင့် ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ဖုန်းနံပါတ် (၀၁-၈၂၄၁၈၀၀) နှင့် (၀၉-၄၅၂၂၁၈၁၉၄) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပြီး YSX ([https://ysx-mm.com/wp-content/uploads/2025/11/dd_mm_00003_20251128.pdf](https://ysx-mm.com/wp-content/uploads/2025/11/dd_mm_00003_20251128.pdf)) /MCB Website တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်